# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၁၄. ၇. ၂၀၁၆) ရက်နေ့တွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် တိုက်တွန်းကြောင်းအဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ သီပေါ မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းစမ်းစမ်းအေး က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများကို အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားစေရေးအတွက် ကြိုတင် ပြင်ဆင် မှုများပြုလုပ်ရန် တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ယခု ဒေါ်နန်းစမ်းစမ်းအေးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ရှမ်းပြည်နယ် အစိုးရမှ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံး ရပ်တန့်နိုင်ရေးနှင့်စစ်ရေးတင်းမာမှုများ အနာဂါတ်တွင် ဆက်လက် မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၅ အကုန်မှစ၍ ယခုနှစ် ၂၀၁၆ အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲပေါင်းများစွာကြောင့် စစ်ဘေးဒုက္ခသည်များ အိုးအိမ်စွန့်၍ ထွက်ပြေးခဲ့ရပါတယ်။ နှစ်ဖက် စစ်ကြောင်းများကြောင့် အိုးအိမ်၊ လယ်ယာ၊ ကျွဲ၊ နွားများကို ပစ်ပြီး တိမ်းရှောင် လာရခြင်း၊ အိုးအိမ်လယ်ယာများ ပျက်စီးခြင်း၊ ကျွဲနွားများ သေဆုံးခြင်း ဖြစ်ပွားခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ(၃၅၇)အရ နိုင်ငံသားတို့၏ နေအိမ် ဥပစာလုံခြုံမှုနှင့် ပစ္စည်းလုံခြုံမှုတို့ကို ဥပဒေအရ အကာအကွယ်ပေးသွားရမည်ဟုဆိုပါသော်လည်း တိုက်ပွဲ အတွင်း စစ်ဘေးရှောင်ဦးရေပေါင်း (၂၀၀၀၀)ကျော်ထွက်ပြေးနေရပြီး ကျန်ရှိ နေအိမ်နှင့်ပစ္စည်းများ ဖျက်စီးခံမှု ရှိနေခြင်းသည် နေအိမ်ဥပစာလုံခြုံမှု မရှိခြင်းနှင့် ပစ္စည်းလုံခြုံမှုမရှိခြင်းတို့ကိုပြသနေပြီး ဥပဒေစိုးမိုးရေးအပိုင်း အားနည်းနေကြောင်းလည်းဖော်ပြလျက် ရှိနေပါတယ်။

အိုးအိမ်များစွန့်ခွာ ရသူ များ၏ အသေးစိတ်အချက် အလက်များမှာ-

- ၆-၁၀-၂၀၁၅ မှ ၁၉-၁၁-၂၀၁၅ အထိ မိုင်းရှူးမြို့နယ် အတွင်းဖြစ်ပွားခဲ့သော တိုက်ပွဲမှ စစ်ပြေးရှောင်ပေါင်း(၁၀၀၀၀)ကျော်၊ လက်ရှိ(၈၀၀)ကျော်မှာ စစ်ဘေးဒုက္ခသည်စခန်းတွင် ကျန်ရှိနေသေးကြောင်း။
- ၇-၂-၂၀၁၆ မှ ၁၈-၂-၂၀၁၆ အထိ ကျောက်မဲ မြို့နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲမှ စစ်ဘေးရှောင် ပေါင်း (၅၀၀၀) ကျော်၊ ၅-၅-၂၀၁၆မှ ၁၆-၅-၂၀၁၆အထိ (၄၀၀၀)ကျော် နှင့် စုစုပေါင်းဦးရေ (၉၀၀၀) ကျော်၊ လက်ရှိဟိုင်းကွေ ကျေးရွာအုပ်စုပန်ကျန်ရွာတွင် အိမ်ခြေ (၃၀) ကျော်၊ လူဦးရေ (၁၂၀) ဦး စစ်ဘေးဒုက္ခသည်စခန်းတွင် ကျန်ရှိနေသေးကြောင်း။
- ၆-၅-၂၀၁၆ ရက်နေ့တွင် နမ့်ခမ်းမြို့နယ်၊ ဟိုပန်-မိုင်းဂီးကျေးရွာအတွင်းဖြစ်ပွားခဲ့သော စစ်ရေး တင်းမာမှုများကြောင့် ဒုက္ခသည်ပေါင်း (၂၈၉) ဦး ရှိပြီး လက်ရှိဒုက္ခသည်စခန်းတွင်ဆက်လက် နေထိုင်နေရကြောင်း။
- ၁၈-၅-၂၀၁၆ မှ လက်ရှိအချိန်ထိ သီပေါမြို့နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲမှ စစ်ဘေးရှောင်ပေါင်း (၁၁၃၈) ဦးမှ လက်ရှိ (၆၀၀)ကျော် ကျန်ရှိနေသေးကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ (၃၆၆)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဟုပါရှိပါတယ်။ သို့သော် ယခု အချိန်သည် စစ်ဘေးရှောင်ကျောင်းသားငယ်များအတွက်တော့ ငြိမ်းချမ်းစွာ၊ လုံခြုံစွာနှင့် အချိန်မီကျောင်းပြန်မတက် နိုင်ခြင်းနှင့် ရင်ဆိုင်နေရပါတယ်။ လက်ရှိစစ်ဘေးရှောင်ကျောင်းသားဦးရေစာရင်းမှာ-

- မိုင်းရှူးမြို့နယ် ဟိုင်းပါစစ်ဘေးရှောင်စခန်းမှ မူလတန်းအရွယ်ကျောင်းသားပေါင်း (၁၄၅)ဦး။
- ကျောက်မဲမြို့နယ် စစ်ဘေးရှောင်စခန်းမှကျောင်းသား ပေါင်း (၃၅၀) ဦး။
- နမ့်ခမ်းမြို့နယ် ဟိုပန်စစ်ဘေးရှောင်စခန်းမှ ကျောင်းသားပေါင်း (၇၆)ဦး။
- သီပေါမြို့နယ် စစ်ဘေးရှောင်စခန်းမှ ကျောင်းသားပေါင်း (၈၇)ဦး။
- စုစုပေါင်းကျောင်းသား (၆၅၈)ဦးတို့မှာကျောင်းတက်ဖို့ အခွင့်အရေးဆုံးရှုံးလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သီပေါမြို့နယ် နမ့်မ၊ ဟူးမြီ၊ မခေါ်ကျေးရွာ အုပ်စုအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် စစ်ကြောင်းမှ အရပ်သား များအား ဖမ်းဆီးခေါ်ဆောင်ခြင်းများလည်း ဖြစ်ပွားခဲ့ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ (၃၇၆) အရ နိုင်ငံတော်အတွင်းနေထိုင်သော နိုင်ငံသားများအား တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိပဲ မည်သူ့ကိုမျှ (၂၄)နာရီထက်ပို၍ ချုပ်နှောင်ပိုင်ခွင့်မပြုရဟုပါရှိသော်လည်း သီပေါမြို့နယ်တွင် ယခု လက်ရှိလူ(၇)ဦးသည် တပ်မတော်စစ်ကြောင်းမှ ၁၈-၅-၂၀၁၆ တွင် ခေါ်ဆောင်သွားပြီး ယနေ့ ၃-၆-၂၀၁၆ အထိပြန်လည်လွတ်မြောက် လာခြင်းမရှိသေးသူများဖြစ်ပါတယ်။ ထိုသူများမှာ-

- နမ့်မကျေးရွာအုပ်စု၊ ဝမ်လုံရွာနေ အဘဦးထွန်း၏သား ဦးသြအောင် ၊အသက် ၅၁ နှစ်၊ ပိန်းဆိုင်းရွာနေအဘ ဦးဘန္တီ၏သားဖြစ်သူ စိုင်းအိုက်လူ အသက် ၂၅ နှစ်၊ မိုင်းရယ်မြို့နယ်၊ လွယ်ငင်းရွာနေ ဦးခင်ထွန်း၏သားစိုင်းထွန်းဆာတို့မှာ ၁၈-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့ အထိမတွေ့ရသေးကြောင်း။
- နမ့်မကျေးရွာအုပ်စု၊ နားကွန်ရွာနေ ဦးအိုက်လိ၏သား စိုင်းအိုက်မွန်း၊ အသက် ၁၈ နှစ်၊ နောင်နွေးရွာနေ လုံးချမ်း၏သား စိုင်းအိုက်သြ၊ အသက် ၃၈ နှစ်တို့မှာ ၁၉-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပြီး ယနေ့အထိ ပြန်လွတ်မလာသေးကြောင်း။
- နမ့်အွန်ကျေးရွာအုပ်စု ၊ကြံခင်းရွာနေ ဦးအိုက်လွန်း၏ သား စိုင်းယွမ့်ဝမ် ၊အသက် ၂၀ နှစ်၊ ကျောက်မဲမြို့နယ်၊ ချောင်းချောက်ရွာနေ ဦးယွတ်ဆိုင်၏သား ဦးပညာ ၊အသက် ၄၉ နှစ်သည် ၁၉-၅-၂၀၁၆ ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ယနေ့ ၃-၆ -၂၀၁၆ အထိ ပြန်လည်လွတ်မြောက် မလာသေးကြောင်း။

ဥက္ကဋ္ဌကြီးရှင်။ ယခုတင်ပြခဲ့သည့် အချက်အလက်များ မှာ ၃-၆-၂၀၁၆ ရက်နေ့အထိ အချက်အလက်များဖြစ်ပါတယ်။ ဖြည့်စွက်သတင်းအချက်အလက်အရ ယခုပြောကြားခဲ့သော ဖမ်းဆီးခံ ရွာသားများမှာ ၂၉-၆-၂၀၁၆ ရက်နေ့တွင် နောက်ဆုံး လွတ်မြောက်ခဲ့ကြောင်းသိရှိရပါတယ်။ ထို့ကြောင့် စုစုပေါင်း ကြာချိန်မှာ (၁)လကျော်ကြာမြင့်ခဲ့ပါတယ်။ သို့သော်ထိုအထဲမှာမှ နမ့်အွန်ကျေးရွာအုပ်စု ကြံခင်းရွာနေ ဦးအိုက်လွန်း၏ သား စိုင်းယွမ့်ဝမ်၊ အသက် ၂၀ နှစ်မှာ ယနေ့အထိ ပြန်လည် လွတ်မြောက်လာခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ စစ်ပွဲများကြောင့် ပြည်သူများမှာ ဘေးဒုက္ခ အမျိုးမျိုးခံစားနေရသောကြောင့် ညီနောင်တိုင်းရင်းသားများ အချင်းချင်း နယ်ချဲ့ကျူးကျော်စစ်လို သဘောမထားပဲ တစ်ဖွဲ့နှင့် တစ်ဖွဲ့ လိုအပ်ချက်များ၊

တောင်းဆိုချက်များကို တွေ့ဆုံညှိနှိုင်းပြီး ဘုံသဘောတူညီမှုရယူသင့်ပါတယ်။ ထိုသဘောတူညီချက်က စာရွက်အတိုင်း မထားပဲ အပြည့်အဝ လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်ရန် လေးနက်စွာ တိုက်တွန်းအပ်ပါတယ်။ ယခု အချိန်သည် Information Age ဖြစ်လာသည်နှင့်အညီ ကမ္ဘာနှင့် ပတ်သက်သော အချက်အလက်များတိုးတက်ဖွံ့ဖြိုးမှုအခြေခံအရင်းအမြစ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်နေသည်နှင့်အမျှ ပြည်သူလူထုတစ်ရပ်လုံးကလည်း အသိအမြင် ပွင့်လင်းလာပြီးဖြစ်သင့် ဖြစ်ထိုက်သည်များကို သိရှိနားလည်ပြီးသားဖြစ်ပါတယ်။

လူသားတိုင်းသည် မျိုးချစ်စိတ်နှင့် ဖွဲ့တည်ထားသော အရာ ဖြစ်ပါတယ်။ စစ်ရေးနှင့် ဖြေရှင်းခြင်းသည် သံသရာခရီးလျှောက်နေသောသူနှင့်တူပါတယ်။ လက်စားချေ၍ မဆုံးနိုင်သော ခရီး ဖြစ်တယ်။ လူသားတိုင်းသည် လူသားဖြစ်ခွင့်၊ လူသားများ ရသင့် ရထိုက်သော အကျိုးခံစားခွင့်နှင့် ငြိမ်းချမ်းစွာနေထိုင်ခွင့်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်ရှိ ရှမ်းပြည်သူလူထုများသည် ရာစုနှင့်ချီ ဖိနှိပ်ချုပ်ချယ်မှုခံနေရသောကြောင့် အဖက်ဖက်မှ အားနည်း နိမ့်ကျပြီးသားဖြစ်ပါတယ်။ စစ်ပွဲ၏ရလဒ်သည် အရင်းအမြစ်များ ဖြစ်သော လူသားအရင်းအမြစ်၊ စီးပွားရေး အရင်းအမြစ်နှင့်ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတို့သာ ဆုံးရှုံး စေပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထု၏ အခွင့်အရေးဖြစ်သော ငြိမ်းချမ်းစွာ လယ်ယာစိုက်ပျိုး ထွန်ယက်နိုင်ရေး၊ ငြိမ်းချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ရေးတို့ကို ရှေ့ရှု၍ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့်စစ်ရေးတင်းမာမှုများ ဖြစ်ပေါ်နိုင်မည့် အခြေအနေကို ဟန့်တားမှုပြုနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရနှင့် ပြည်ထောင်စု အစိုးရတို့မှကြားဝင်ဖြည့်စွက် ညှိနှိုင်းရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု အစီအစဉ်ကို အမြန်ဆုံးဖော်ဆောင်ရန် စစ်ဘေး ဒဏ်သင့်ပြည်သူများနှင့် ရှမ်းပြည်နယ်ရှိ ပြည်သူတစ်ရပ်လုံး၏ ကိုယ်စား တိုက်တွန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိ ပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်၏ ချမ်းသာခြင်း၊ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်တင့်ဖြစ်ပါတယ်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားစေရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် တိုက်တွန်းခြင်း အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**သို့မဟုတ်**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသောစစ်ပွဲများ

အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂါတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဒီကနေ့အစည်းအဝေး ရပ်နားတဲ့အခါ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၅. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့်စစ်ရေး တင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း "**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးရန် အမည်စာရင်း ပေးသွင်းထားပါတယ်။ ပထမဦးစွာ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်လှိုင်က အဆိုကို ဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဦးတင်လှိုင်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ဒေါ်နန်းစမ်းစမ်းအေး၏ စစ်ပွဲများရပ်တန့်ရေး အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ကျောက်မဲ-သီပေါ-မန်တုံ-နမ့်ခမ်း-နမ္မတူမြို့နယ်များတွင်း စစ်ပွဲများ မကြာခဏဖြစ်ပွားနေခြင်းကြောင့် ရွာသူ၊ ရွာသားများ မိမိတို့၏ နေအိမ်များ စွန့်ခွာ၍ ဘေးလွတ်ရာ နေရာသို့ သွားရောက်ခိုလှုံနေရပါတယ်။ မန်မိုင်းတွင် ကျား၊ မ (၃၇၅) ဦး၊ နမ္မတူ ရွှေမျှင်သာဘုန်းကြီးကျောင်းတွင် ကျား၊မ (၂၀၁)ဦး၊ ရပ်ကွက်(၈) ၊ လီဆူးကုန်းတွင် ကျား၊မ (၁၈၂) ဦး၊ စုစုပေါင်း ကျား၊မ (၇၅၀)ဦး ကျော် စစ်ဘေးရှောင်ခိုလှုံနေရပါတယ်။ ဤကဲ့သို့ ပြည်သူများ စစ်ဘေးစစ်ဒဏ်ကြောင့် ဆင်းရဲဒုက္ခ ရောက်နေသည်များကို ဖြေရှင်းပေးရန် စစ်ပွဲကို အမြန်ဆုံးရပ်စဲဖို့ လိုအပ်ပါတယ်။ ထို့ကြောင့် အမှန်တကယ် ငြိမ်းချမ်းဖို့ရန် နိုင်ငံရေးစကားဝိုင်းတွေ ညှိနှိုင်းအဖြေရှာသင့်ကြောင်း တိုက်တွန်းအပ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရနှင့် ပြည်ထောင်စုအစိုးရသို့ ညှိနှိုင်း၍ စစ်ပွဲများ ဆက်လက်မဖြစ်ပွားစေရန် အမြန်ဆုံး တားဆီး ပေးနိုင်ပါစေလို့ တိုက်တွန်းရင်း ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးနမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ သီပေါမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံးရပ်တန့်ရေးနှင့် စစ်ရေးတင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန် တိုက်တွန်းခြင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်ကုန်မှ ယခု ၂၀၁၆ ခုနှစ်အထိ ဖြစ်ပွားခဲ့ရသော တိုက်ပွဲ များကြောင့် စစ်ဘေးဒုက္ခသည်များသည် အိုးအိမ် လယ်ယာ ကျွဲ၊ နွားများ စွန့်ပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရကာ အတိဒုက္ခရောက် ရပြီး ကျန်ရှိနေအိမ်နှင့် ပစ္စည်းများ ကျွဲ၊ နွားများပါ ဖျက်ဆီးခံရမှု ရှိနေခြင်းသည် ဥပဒေစိုးမိုးမှု အပိုင်းအားနည်းမှုကြောင့်သော် လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၈)၊ ပုဒ်မ ၃၅၇ အရ နိုင်ငံသားတို့၏ နေအိမ်ဥပစာလုံခြုံမှုနှင့် ပစ္စည်း လုံခြုံမှုတို့ကို ဥပဒေအရ အကာအကွယ်ပေးသွားရမည်ဟုဆိုပါသော်လည်း တိုက်ပွဲအတွင်း စစ်ဘေးရှောင်ဦးရေပေါင်း နှစ်သောင်းကျော်ထွက်ပြေးနေရပါသည်။

တိုက်ပွဲတွင် စစ်ကြောင်းများမှ အပြစ်မဲ့အရပ်သားများ ဖမ်းဆီး ခေါ်ဆောင်ခြင်း၊ လူသားချင်းစာနာမှုမဲ့ သတ်ဖြတ်မှုများရှိနေခြင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာမသင်ရခြင်း၊ လူ့အခွင့်အရေးများ ဆုံးရှုံးရခြင်းသည် စစ်ပွဲကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ကြောင့် ငြိမ်းချမ်းစွာနေထိုင်လိုသော ပြည်သူများအနေဖြင့် စစ်ကို ရွံမုန်းနေမှာ မလွဲပါ။ လူသားတိုင်းသည် လူသားဖြစ်ခွင့်၊ လူသားများ ရသင့်ရထိုက်သော အကျိုးခံစားခွင့်နှင့် ငြိမ်းချမ်းစွာနေထိုင် ခွင့်ရှိသည်။ စစ်ပွဲ၏ရလဒ်သည် လူသားအရင်းအမြစ်၊ စီးပွားရေးအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းတို့ဆုံးရှုံးစေပါသည်။ သာဓကများအနက်မှ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၂၅ ရက်၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ မိုင်းယော်ကျေးရွာတွင် ဒေသခံ ၇ ဦးသည် လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့၏ တရားမဲ့ပစ်ခတ် သတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ၄င်းတို့မှာ စိုင်းနော်တင်(၃၃) နှစ်၊ တအာင်းလူမျိုး၊ စိုင်းလှ (၃၀)နှစ်၊ တအာင်းလူမျိုး၊ စိုင်းအိုက်ဆိုင်(၂၃)နှစ်၊ တအာင်းလူမျိုး၊ စိုင်းအိုက်မောင် (၂၅)နှစ်၊ တအာင်းလူမျိုး၊ စိုင်းအိုက်လွတ် (၃၅) နှစ်၊ တအာင်းလူမျိုး၊ စိုင်းရွှေလူ(၁၇)နှစ်၊ ရှမ်းလူမျိုး၊ စိုင်းမောင်း(၂၅)နှစ် တအာင်းလူမျိုး၊ ၄င်း(၇)ဦးတို့က တောင်ယာမှအပြန် ဖမ်းဆီးသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။ ယခုဇူလိုင်လ ၁၃ ရက်နေ့၌ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်းတွင် တိုင်းဇြေ့ကြိုခန်းမ၌ ကျင်းပပြုလုပ်သည့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာသူ စိုင်းဆန်ခေးသည် အိမ်အပြန်လမ်းတွင် သေနတ်ဖြင့် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပါသည်။

အဆိုပါဖြစ်ရပ်သည် တရားဥပဒေစိုးမိုးမှုကင်းမဲ့နေကြောင်း ထင်းရှားပေါ်လွင်စေရုံသာမက အစိုးရအပေါ် တိုင်းရင်းသားပြည်သူ လူထု၏ ယုံကြည်ကိုးစားမှုကို လျော့ပါးပျက်ပြားစေသည်ဟုယူဆပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် လက်နက်ဖြင့် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း ဥပဒေမဲ့ ပစ်ခတ် သတ်ဖြတ်ခြင်းလုပ်ရပ်များအား လုံးဝဆန့်ကျင်ကန့်ကွက်ကြောင်းနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုအားကောင်းရှင်သန်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ရှမ်းပြည်နယ်အစိုးရမှ တစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရသို့ တိုက်တွန်းပါကြောင်း သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုအားထပ်ဆင့် ဆွေးနွေးထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ**။ အဆိုဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာညီညီအောင်၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး**။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ သီပေါအမှတ်(၁)မှ ကိုယ်စားလှယ်တော်ကြီး၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး ပညာရေးနှင့်ပတ်သက်သော အချက်များပါနေပါ သဖြင့် ရှမ်းပြည်နယ် အခြေခံပညာဦးစီးဌာန၏ ဆောင်ရွက်ချက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ကိုယ်စား ကျွန်တော်မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မိုင်းရှူး မြို့နယ်၊ ဟိုင်းပါစစ်ဘေးရှောင်စခန်းတွင် ကုန်းနိမ့်ကျေးရွာ၊ နမ့်ပါမူ ကျေးရွာ၊ တာဆန်ဖူးကျေးရွာ စစ်ဘေးရှောင်သူများမှ လာရောက်ခိုလှုံသူ ကျောင်းသား (၁၄၅) ဦး ရှိသည့်အနက် (၇၁) ဦးသည် ဟိုင်းပါစစ်ဘေးရှောင်စခန်းမှ ဟိုင်းပါ အမက (မူလွန်)ကျောင်းတွင် ပညာသင်ကြားလျက်ရှိပြီး ကျန်ကျောင်းသား (၇၄)ဦးမှာ ၄င်းတို့ မိဘဆွေမျိုးများနှင့် နီးစပ်ရာ ဖက်ကြီးအမက တွင် (၁၅) ဦး၊ ဟိုက်ဟောင်အမကတွင် (၁၄) ဦး ဝမ်ဆင်း အထကတွင် (၄၅) ဦး တက်ရောက် ပညာသင်ကြားလျက်ရှိပါသည်။ အဆိုပါကျောင်းသား/ သူများအား ကျောင်းအပ်စဉ်က နိုင်ငံတော်မှ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့်ဖတ်စာအုပ်များတစ်ပါတည်း(အခမဲ့)ဖြန့်ဝေပြီးဖြစ်ပါသည်။

စစ်ဘေးရှောင်ခဲ့သော ကျောက်မဲမြို့နယ်၊ ထ(ခွဲ)တော့ဆန်း၊ အမကညောင်မောင်း၊ အမက(ခွဲ)စာတိတောင်တို့မှ ကျောင်းသား (၃၅၀) ဦးတို့သည် စစ်ဘေးလွတ်ရာကျောက်မဲမြို့ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ အထက-မိုင်းလုံ၊ အထက-နောင်ပိန်၊အမက(၁)၊အမက(၂)၊ အမက(၇)၊ အမက(၁၃)၊ မူလွန်(၄)၊ အလက(ခွဲ)မ (၅)၊ အလက(ခွဲ)မ(၆)၊ အလက(ခွဲ)မ(၉)၊ ဘက- ရှမ်းကျောင်း၊ ဘကရွှေကျင်၊ ထ(ခွဲ) မိုင်းကင်း၊ မူလွန်-တန့်ကန်၊ မူလွန်- နမ့်ဟူးတောင်ကျောင်းများတွင် စုစုပေါင်း (၂၇၆) ဦးတက်ရောက် သင်ကြားနေပါသည်။ ၄င်းကျောင်းသား/သူ များအား ပုံနှိပ်စာအုပ်၊ ဝတ်စုံများ၊ ဗလာစာအုပ်များကိုလည်း သက်ဆိုင်ရာ ကျောင်းများမှ အခမဲ့ ဖြန့်ဝေထားပါသည်။

စစ်ဘေးရှောင်ကျောင်းများမှ ထက်ပြ/လယ်ပြ/မူပြ ဆရာ/ဆရာမ (၂၉) ဦးကိုလည်း နေရေးထိုင်ရေး အဆင်ပြေစေရန် ကျောက်မဲမြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ လ(ခွဲ)မ(၆)၊ အမက(၁၀)၊ အမက(၁၂)၊အမက(၁၃)၊ မ(ခွဲ) ချမ်းသာကျောင်းများတွင် တာဝန်ထမ်းဆောင်စေကြောင်း တင်ပြအပ်ပါသည်။

နမ့်ခမ်းမြို့နယ်တွင် စစ်ရှောင်ခဲ့သော ဟိုပန် - မိုင်းဝီး ကျေးရွာမှ ကျောင်းသား (၃၇) ဦးနှင့် ဆရာမ (၃) ဦး တို့သည့် မိုင်းဝီးကျေးရွာတွင် ခိုလှုံကြပြီး မိုင်းဝီးကျေးရွာ ယဉ်ကျေးမှုအဖွဲ့ရုံးတွင် ၁-၆-၂၀၁၆ ရက်မှစ၍ ပုံမှန်သင်ကြားမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၄င်းကျောင်းသား/သူများအား ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေထားပြီး ဖြစ်ပါသည်။

သီပေါမြို့နယ်အတွင်း စစ်ဘေးကြောင့် စစ်ရှောင်ခဲ့ကြသော သီပေါမြို့နယ်၊ ကျောင်းမိုင်ကျေးရွာမှ ကျောင်းသား (၅၂) ဦးတို့သည် အမကကျောင်းမိုင်တွင်လည်းကောင်း၊ ၄င်းရွာမှ ကျောင်းသား (၇) ဦးတို့သည် လားရှိုးမြို့နယ်၊အမက-မောက်တောင်းတွင်လည်းကောင်း၊ ကျောင်းတက်ရောက်နေကြပြီဖြစ်ပါသည်။ ၄င်းကျောင်းသား/သူ များအား ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကိုလည်း သက်ဆိုင်ရာ ကျောင်းများမှအခမဲ့ ဖြန့်ဝေထားပြီးဖြစ်ပါသည်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ဆက်လက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိုးမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာ ဝန်ကြီး ။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရွှင်လန်း ချမ်းမြေ့ကြပါစေ။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းလာသည့် အဆိုနှင့်ပတ်သက်၍ ကျွန်တော်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် ပတ်သက်၍ အပိုင်း(၃)ပိုင်းရှိရာ စစ်ဘေးရှောင်ပညာရေးကဏ္ဍများကို ရှေ့တွင်ဝန်ကြီးတစ်ပါးမှ တင်ပြပြီးဖြစ်တဲ့ အတွက် တိုက်ပွဲများနှင့်ပတ်သက်၍ ဆောင်ရွက်မှု အခြေအနေကို အနည်းငယ် အကျဉ်းချုပ်တင်ပြသွားပါမယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့ (၈) ဖွဲ့အနက် ရှမ်းပြည်နယ်အတွင်းတွင် RCSS နှင့် PNLO အဖွဲ့တို့ (၂) ဖွဲ့သာ NCA လက်မှတ်ရေးထိုး ထားပြီးဖြစ်ပါတယ်။ ၎င်းအဖွဲ့ (၂) ဖွဲ့ဖြင့် ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ပြည်နယ်အဆင့်တွင် JMCS ကိုဖွဲ့စည်း၍ တတိယအကြိမ် မြောက် အစည်းအဝေးကို နမ့်စန်မြို့၌ ၂၉-၆-၂၀၁၆ ရက်မှ ၃၀. ၆-၂၀၁၆ ရက်နေ့အထိ ဆွေးနွေးနိုင်ခဲ့ပြီး တစ်ကြိမ်နှင့်တစ်ကြိမ်ရလဒ်ကောင်း များ ရရှိလျက်ရှိပါတယ်။ လက်မှတ်ထိုးပြီးအဖွဲ့ (၂) ဖွဲ့ဖြစ်သော RCSS၊ PNLO များနှင့် တပ်မတော်သည် တိုက်ပွဲများဖြစ်ပွားမှု လုံးဝမရှိတော့ဘဲ ပြဿနာများကို JMCS State Level အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအနေအထားအရ ငြိမ်းချမ်းရေး သဘောတူညီချက် စာချုပ်တွင် လက်မှတ်ရေးထိုးထားပြီးသော အဖွဲ့များနှင့် တပ်မတော်အကြား အထင်အမြင်လွဲမှားမှု မရှိစေရေး တစ်ဖက်နှင့် တစ်ဖက်ယုံကြည်မှု တည်ဆောက်နိုင်ရေးတို့အတွက် JMCU (ပြည်ထောင်စုအဆင့်)၊ JMCS (ပြည်နယ်အဆင့်)များ၏ ဆွေးနွေးမှု ရလဒ်ကောင်းများကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ NCA လက်မှတ်မထိုးသေးသော အဖွဲ့များအနေဖြင့် လည်း NCA လက်မှတ်ရေးထိုးနိုင်ရန်အတွက် အမြဲတမ်းတံခါးဖွင့် ကြိုဆိုလျက်ရှိပါတယ်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးစီးပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံညီလာခံအတွက် အကြို ပြင်ဆင်ရေးကော်မတီမှ ဆပ်ကော်မတီ (၂) ခုခွဲကာစီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဆပ်ကော်မတီ (၁)တွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သောအဖွဲ့မှ NCA လက်မှတ် ရေးထိုးပြီးဖြစ်သည့် အဖွဲ့များနှင့် တွေ့ဆုံ ဆွေးနွေးညှိနှိုင်း အဖြေရှာပြီးတော့မှ ဆပ်ကော်မတီအသစ်ဖြစ်သော ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သောအဖွဲ့သည် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ချမှတ်ထားသော မူဝါဒ (၆)ရပ်ကို အခြေခံ၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်မှသာ ပဋိပက္ခ များလျော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက် သွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်တွင်နေထိုင်သော ပြည်သူလူထု တစ်ရပ်လုံးပါ ကူညီ ဝိုင်းဝန်းဆောင်ရွက်သွားမှသာ ရှမ်းပြည်နယ် တွင် ဖြစ်ပွားနေသောစစ်ပွဲများ အမြန်ဆုံး ရပ်တန့်စေရုံသာမက ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေ ရရှိ လာမည်ဖြစ်ကြောင်း ဆွေးနွေး တင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော အဆိုအား ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့ အစည်းဝင်များက ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်

သင့်ကြောင်း ရှင်းလင်းဆွေးနွေး သွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေ(စ)နှင့် (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ တင်သွင်းခဲ့သော ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း စစ်ပွဲဖြစ်ပွားနေသော စစ်ပွဲများ အမြန်ဆုံး ရပ်တန့်ရေးနှင့် စစ်ရေး တင်းမာမှုများ အနာဂတ်တွင် ဆက်လက်မဖြစ်ပွားရေးအဆိုသည် ရှမ်းပြည်နယ် အတွင်းရှိ တိုင်းရင်းသားများအားလုံး၏ ဘဝလုံခြုံမှုကို ကာကွယ်ပေးသည့် အဆိုတစ်ရပ်ဖြစ်တဲ့ အတွက်ကြောင့် ကျွန်မအနေဖြင့် ကျွန်မ၏ အဆိုကို လွှတ်တော်၏ အဆုံးအဖြတ် ခံယူပါမယ်ရှင့်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ် အဖွဲ့ အစည်းဝင်များက ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းသွားပါတယ်။ ယခုအဆိုတင်သွင်း သော လွှတ်တော်ကိုယ်စားလှယ်ကလည်း ၎င်းအဆိုကိုအတည်ပြုပေးဖို့အတွက် လွှတ်တော်၏ ဆန္ဒရယူ လိုကြောင်းတင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က) အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ မတ်တတ်ရပ်၍ ဆန္ဒပြုသူ ကိုယ်စားလှယ်ဦးရေသည် စုစုပေါင်း(၇၆)ဦးဖြစ်ပြီး ဒီကနေ့ အစည်းအဝေးကိုတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေသည် (၁၃၃)ဦးဖြစ်တဲ့အတွက် ထိုင်နေသည့် ကိုယ်စားလှယ်ဦးရေသည် (၅၇) ဦး ဖြစ်ပါတယ်။ မတ်တတ်ရပ်၍ ဆန္ဒပြုသူဦးရေကများပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို အတည်ပြုရန်သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။